**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ပြည်တွင်းအခွန်များဦးစီးဌာန**

**လက်ကိုင်ဖုန်းဟန်းဆက်(Handset)များအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်**

**ရောင်းချစေရေးကိစ္စ**

❖ ပြည်တွင်းအခွန်များဦးစီးဌာနသည် လက်ကိုင်ဖုန်းဟန်းဆက် (Handset)များနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချသည့် အရောင်းပြေစာအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေခြင်း လုပ်ငန်းစဉ်ကို ၁-၆-၂၀၁၉ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ပါသည်။

❖ ၃၀-၅-၂၀၁၉ ရက်နေ့တွင် ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ် ၄၆၊ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သော ညှိနှိုင်းအစည်းအဝေးတွင် လက်ကိုင်ဖုန်းလုပ်ငန်းရှင်များအသင်း၏ တင်ပြချက်အရ ၁-၇-၂၀၁၉ ရက်နေ့မှစ၍ လက်ကိုင်ဖုန်းဟန်းဆက် (Handset) များအပေါ်တွင် အခွန်အမှတ်တံဆိပ်များကပ်နှိပ်ရောင်းချခြင်း လုပ်ငန်းစဉ်အား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

❖ လက်ကိုင်ဖုန်းဟန်းဆက်များအား တင်သွင်းရောင်းချသူ/ဖြန့်ချီသူများမှ အမှန်တကယ် သုံးစွဲသူများထံသို့ ရောင်းချသည့်ဈေးနှုန်းအပေါ်တွင် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်နှင့်ညီမျှသည့် အခွန်အမှတ်တံဆိပ်များအား လက်ကိုင်ဖုန်းဟန်းဆက်များအပေါ်တွင် အပြည့်အဝကပ်နှိပ်ရောင်းချခြင်းအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

❖ သို့ပါ၍ လက်ကိုင်ဖုန်းဟန်းဆက် တင်သွင်းရောင်းချသူ/ဖြန့်ချီသူ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ တင်သွင်း/ဖြန့်ချီရောင်းချမည့် လက်ကိုင်ဖုန်းဟန်းဆက်များအပေါ်တွင် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်နှင့်ညီမျှသော အခွန်အမှတ်တံဆိပ်များကို အပြည့်အဝ (မပျက်မကွက်) ကပ်နှိပ်ပေးရန်လိုအပ်မည် ဖြစ်ပါသည်။

❖ လက်လီရောင်းချသော လက်ကိုင်ဖုန်းဟန်းဆက် အရောင်းဆိုင်များအနေဖြင့်လည်း မိမိတို့ဆိုင်တွင် ရောင်းချမည့် လက်ကိုင်ဖုန်းဟန်းဆက်များအပေါ်တွင် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်နှင့်ညီမျှသော အခွန်အမှတ်တံဆိပ်များ အပြည့်အဝ ကပ်နှိပ်ထားခြင်းမရှိသော လက်ကိုင်ဖုန်းဟန်းဆက်များအား ရောင်းချခြင်း မပြုကြရန် ဖြစ်ပါသည်။

❖ ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်နှင့်ညီမျှသော အခွန်အမှတ်တံဆိပ်များ အပြည့်အဝ ကပ်နှိပ်ထားခြင်းမရှိသော လက်ကိုင်ဖုန်းဟန်းဆက်များအား ရောင်းချကြောင်း စိစစ်တွေ့ရှိပါက တည်ဆဲအခွန်ဆိုင်ရာဥပဒေများအရလည်းကောင်း၊ အကောက်ခွန်ဥပဒေများအရလည်းကောင်း အရေးယူသွားမည် ဖြစ်ပါသည်။

- ❖ လက်ကိုင်ဖုန်းဟန်းဆက် ဝယ်ယူအသုံးပြုမည့် ပြည်သူများအနေဖြင့်လည်း မိမိဝယ်ယူမည့် လက်ကိုင်ဖုန်းဟန်းဆက်များအပေါ်တွင် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်နှင့်ညီမျှသော အခွန်အမှတ်တံဆိပ်များ အပြည့်အဝ(မပျက်မကွက်) ကပ်နှိပ်ထားခြင်းမရှိသော လက်ကိုင်ဖုန်းဟန်းဆက်များအား ဝယ်ယူခြင်းမပြုကြပါရန် အသိပေးအပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန